ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၄ကျပ် K4

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၄ကျပ် K4

<u>ဒုရဲမှူး ဝင်း မောင်အား ပြန်လှန်စစ်မေး ချက်(၂၁-၂-၂၀၁၁)</u>

ကျွန်တော်အစီကထွက်ဆိုစဉ်က ကျွန်တော်၏ ပလာစာအုပ်ဖြင့် ရေးမှတ်ထား သောမှတ်စုများ၊ ကျွန်မှတ်စာစာဖြင့်ရိုက်ထားသောစာများ၊ တိုကြည့်ရှု၍ ထွက်ဆိုခဲ့သည်ဆိုလျှင်မှန်ပါသည်။ အဆိုပါစာရွက်စာတမ်းများကို ရုံးတော်သို့ ခွင့်တောင်း ခဲ့ခြင်း မရှိဆိုလျှင်-မှန်ပါသည်။ ကျွန်တော်ကြည့်ရှု ထွက်ဆိုသောစာအုပ်မှာ စာမျက်နှာ(၁၀) ခန့်ရှိ သောစာအုပ်ဖြစ်သည် ဆိုလျှင်-မှန်ပါသည်။ ကျွန်မှတ်စာဖြင့် ရေးသားထား သောစာရွက်များမှာ (၁၀) ရွက် ကျော်ခန့် တွေ့ရှိပါသည်။

ယခုအချင်းဖြစ်တိုက်ကို စုံစမ်း စစ်ဆေး ရေးအဖွဲ့ဖွဲ့ရာ၌ ရဲချုပ်အမိန့်အရဖွဲ့စည်းခြင်း ဖြစ်ပြီး အဖွဲ့အစည်း ပေါင်း စုံပါဝင်သဖြင့် ကျွန်တော်လူဦး ရေအတိအကျမသိပါ။ သတင်း တစ်ဖွဲ့၊ မှုခင်း ၊ ဂိုဏ်း တစ်၊ ရဲတစ်ဖွဲ့လက် အောက်ရှိဌာနများ ပေါင်း စုံပါဝင်ပါသည်။

ကျွန်တော်၏အစီကထွက်ချက်စာမျက်နှာ(၁/၂)တွင် ဖွေရှာသိမ်းဆည်း ခဲ့သောပစ္စည်း များ မှာ ဂိုဏ်းအတိုက်အမိမ်ဖုန်း တဒီအပါအဝင်စည်ဘီယာသံပူး အတွင်း ရှိ ပေါက်ကွဲပစ္စည်းများ ၊ ၄င်း အပြင်လက်ပစ်ဗုံး အပိုင်းအစများ ၊ ဖွေရှာသိမ်း ဆည်း ခဲ့ကြောင်း ထွက်ဆိုထား ရာကျွန်တော်ကိုယ်တိုင် မြင်တွေ့၍ရှာဖွေသိမ်း ဆည်း ခဲ့ခြင်း တော့မဟုတ်ပါ။ အဆိုပါအချက်အလက်များ ကို ရဲချုပ်ထံမှ ရရှိခြင်း ဖြစ်ပါသည်။ ရဲချုပ်မှာ မျက်မြင်သက် သေမဟုတ်ပါ။ အဆိုပါ ချက်အလက်များ မည်သူထံမှ ရကြောင်း တော့ကျွန်တော်မသိပါ။

ကျွန်တော်၏ထွက်ချက်စာမျက်နှာ(၂)တွင်ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်း မှူး ဗိုလ်မှူး ချုပ်ကျော်ကျော်ထွန်း ဥက္ကဌအဖြစ် ပါဝင် သောပုံး စစ်ဆေး ဖော်ထုတ်ရေး အဖွဲ့အား ၁၅-၄-၁၀ ရက်နေ့တွင်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ အဖွဲ့ဝင်(၇) ဦး ဖြစ်ပါသည်။ စအရ(၉၀၅)၊ ခရရ(၁)၊ လစရ(၄)၊ ကပစ(၄)၊ မှုခင်း တစ်ဖွဲ့၊ အဆိုပါအဖွဲ့ဝင်(၇)ဦး တွင် ကျွန်တော်မပါပါ။ စအရမှာ စစ်မြေပြင်အင်ဂျင်နီယာတစ်အမှတ်(၉၀၅) ခရရ(၁)နှင့်လစရ(၄)တို့မည်သည့်အဖွဲ့မှန်း ကျွန်တော်မသိပါ။ ကပစ(၄)မှာအမှတ်(၄)ကာကွယ်ရေး ပစ္စည်း ထုတ်လုပ်ရေး တစ်ဖြစ်ပါသည်။

ကျွန်တော်၏တစ်ခုတွင်အဆိုပါအဖွဲ့မှ စစ်ဆေး သုံး သပ်ချက်(၆)ချက် ဖော်ထုတ်ရရှိကြောင်း အသေး စိတ်ကျွန်တော်ထွက်ဆိုထား ပါသည်။ ကျွန်တော် သည်အဆိုပါအဖွဲ့၌အဖွဲ့ဝင်မဟုတ်သည့်အတွက်အဆိုပါအချက်(၆)ချက်သည်မည်သည့် အထောက်အထား များ ကိုစစ်ဆေး ၍မည်ကဲ့သို့သုံး သပ်၍အဆိုပါ(၆)ချက်ကို ရရှိကြောင်း ကျွန်တော်မသိဆိုလျှင်-မှန်ပါသည်။

တာဝန်ခံ [illegible]
စစ်ဆေး [illegible]
တာဝန်ယူသည်

အခွင့်ရအာရရှိ
စာရေးရေး ဝန်ထမ်းအဆင့်-(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငါးကျပ် K4 ပြည်ထောင်စုမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း

ငါးကျပ် K4 ပြည်ထောင်စုမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း

<u>ဒုတိယမှူး ဝင်း မောင်အဆက် ၂</u>

အဆိုပါအချက် (၆) ချက်ကိုကျွန်တော်ရဲ့ချုပ်ထံမှ ရရှိခြင်း ဖြစ်ပါသည်။ အဆိုပါအချက် (၆) ချက်ကိုရဲ့ချုပ်သည် မှူး စစ်ဆေး လေ့လာသုံးသပ်ရေး အဖွဲ့တွင်ပါဝင်ခြင်း မရှိသည့်အဆိုပါအချက်များကို မည်သူထံမှ ရရှိသည်ကို တော့ ကျွန်တော်မသိပါ။

ကျွန်တော်၏ထွက်ချက်စာမျက်နှာ (၃) နှင့် (၄) တွင်မပေါက်ကွဲသော ဗုံး နှင့် ပေါက်ကွဲသောဗုံး နှင့်ပတ်သက်၍ နည်းပညာပိုင်း ဆိုင်ရာ သုံးသပ်ချက်များ ရရှိနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ဩစတြေးလျရဲ့ တပ်ဖွဲ့ကိုယ်စား လှယ်နှင့်ဆက်သွယ် ဆောင်ရွက်ခဲ့သည်ဆိုသော်လည်း မည်သည့်နေ့က စတင်၍ ဆက်သွယ်ခဲ့သလဲဆိုလျှင် – ကျွန်တော်မသိပါ။ ဩစတြေးလျ ဗုံး ဒေတာစင်တာသည် ဩစတြေးလျမှာ ရှိသလား၊ မြန်မာပြည်မှာရှိသလား ဆိုလျှင် – မြန်မာပြည် တွင်ရှိသော စင်တာဖြစ်ပါသည်။ အဆိုပါစင်တာတွင်တာဝန်ခံ မည်သူဖြစ်သလဲ ကိုကျွန်တော်မသိပါ။

ကျွန်တော်၏ထွက်ချက်စာမျက်နှာ (၄) တွင်အဆိုပါဗုံး ဒေတာစင်တာမှ သုံးသပ်ချက် (၃) ချက် ပေးပို့လာကြောင်း ကျွန်တော်ထွက်ဆိုထားပါသည်။ အဆိုပါသုံးသပ်ချက်များ ကိုကျွန်တော်သည်ရဲချုပ်ထံမှ ရရှိခြင်း ဖြစ်ပါသည်။ ရဲချုပ်သည်အဆိုပါသုံးသပ်ချက်များကို မည်သူ့ထံမှ ရကြောင်း ကျွန်တော်မသိပါ။

ကျွန်တော်ထွက်ချက်တွင်လက်ပစ်ဗုံး လီဗာတံ နှင့် တရုတ်စာများ တွေ့ရကြောင်း ထွက်ဆိုထားသော်လည်း တရုတ်စာဘယ်နှစ်လုံး ရှိသည်ကို တော့ ကျွန်တော်မသိပါ။ အဆိုပါလက်ပစ်ဗုံး လီဗာတံကို တော့ကျွန်တော်ကိုယ်တိုင်မြင် တွေ့ခဲ့ရခြင်း မရှိပါ။ ဓာတ်ပုံကို တော့မြင်တွေ့ခဲ့ရပါသည်။ ဆက်သွယ်စုံစမ်း မေးမြန်းခဲ့သော တရုတ်စစ်သံမှူး၏အမည်ကိုကျွန်တော်မသိပါ။ စုံစမ်း မေးမြန်းသော ရက်ကိုလည်း ကျွန်တော်မသိပါ။

တရုတ်လက်ပစ်ဗုံး ဖြစ်ကြောင်း၊ သက်တမ်း (၁၅) နှစ် ကျော် ပြီးဖြစ်ကြောင်း ဆိုသောအချက်များ သည်ရဲချုပ်ထံကျွန်တော်ရရှိခြင်း ဖြစ် ပါသည်။ အဆိုပါအချက်များ ကိုရဲချုပ်သည်မည်သူ့ထံမှ ရကြောင်း တော့ ကျွန်တော်မသိပါ။

ထွက်ချက်စာမျက်နှာ (၄) တွင်မပေါက်ကွဲရသေး သောဗုံး တွင် ပါသော ဂိုဏ်းအက်စ်အမ်ဖုံး ကဒ်ကိုကျွန်တော်ကိုယ်တိုင်ရှာ ဖွေသိမ်းဆည်းခြင်း မဟုတ်ပါ။ အဆိုပါပစ္စည်းကိုလည်း ကျွန်တော်မမြင်ဖူးပါ။ ဓာတ်ပုံကိုသာ ကျွန်တော်မြင်ဖူးပါသည်။ လက်ပစ်ဗုံးအပိုင်းအစများ ကို တော့ကျွန်တော် ဓာတ်ပုံမှတ်တမ်း အရ တွေ့ရှိရပါသည်။

တာ... [illegible]
ဝမ်းဆေး[illegible]ကြာင်း
တာဝန်ယူသည်

အခွင့်ရတရားလို
တရားရေး ဝန်ထမ်းအဆင့်-(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၄ကျပ် K4

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၄ကျပ် K4

<u>ဒဲ့ရဲ့မှူး ဝင်း မောင်အဆက် ၃</u>

ကျွန်တော်ကအဆက်ကထွက်ဆိုခဲ့သော မပေါက်ဘဲသေး သောမှူးကိုင်း၊ ပေါက်ကွဲပြီး၊ လက်ပစ်ဗုံးအပိုင်းအစများကိုင်း၊ မပေါက်ကွဲသေး သောဗုံးတွင်အသုံးပြုသော ဂျီအက်စ်အမ်ဖုံးကဒ်ကိုလည်း ရုံး တော်သို့သက်သေခံပစ္စည်း အဖြစ်တင်ပြထားခြင်း မရှိဆိုလျှင်မှန်ပါသည်။

အဆိုပါဖုံးကဒ်၏မန်မိုရီတွင်ဖုံး နံပါတ်(၁)ခုမှတ်သားထားကြောင်း ကိုကျွန်တော်ကိုယ်တိုင်ရှာဖွေတွေ့ရှိခြင်းမဟုတ်ပါ။ ရဲချုပ်၏ပြောပြချက်အရ သိရှိရခြင်းဖြစ်ပါသည်။ အဆိုပါဖုံးကဒ်တွင်ကျွန်တော်ထွက်ဆိုခဲ့သောဖုံး နံပါတ် ခုမှတ်သားထား ကြောင်း ၎င်းရဲချုပ်သည်မည်သူ့ထံမှသိရှိရကြောင်း ကျွန်တော်မပြောတတ်ပါ။

ကျွန်တော်၏ထွက်ချက်စာမျက်နှာ(၁)တွင်မိမိတို့တစ်ဖွဲ့ဝင်အဂါစည်များတွင်ဖိုက်ဆိုင်စစ်ဆေးခဲ့ကြောင်း ထွက်ဆိုထား ရာစစ်အဂါစည်ဆိုသည်မှာ မိမိတို့တစ်ဖွဲ့၏ရရှိသောအချက်အလက်များစုဆောင်းထား သောမှတ်တမ်းမှတ်ရာများဖြစ်ပါသည်။ ထွက်ချက်စာမျက်နှာ(၁)တွင်အဆိုပါဖုံး နံပါတ် (၁)ခုအနက်အမှတ်စဉ်(၁)ဖြစ်သော THI HA ZAW ဟုဖော်ပြထားသောဖုံးသည် VBSW အဖွဲ့မှသီဟဇော်၏ဖုံး နံပါတ်ဖြစ်ကြောင်း သတင်း မေးကပေး၍သိရကြောင်းထွက်ဆိုထားသည်ဆိုလျှင်မှန်ပါသည် ။ အဆိုပါ သီဟဇော်မှာသဟဇော်(ခ)သူရဇော်(ခ)ဇော်ထက်၏ဖုံး နံပါတ်နှင့်တူညီ ကြောင်းထွက်ဆိုထားသည်ဆိုလျှင်-မှန်ပါသည်။ အင်္ဂလိပ်လို ရေးသားထားသော ဇော်ဆိုသည့်အမည် VBSW အဖွဲ့ဝင်သီဟဇော်မှာတစ်ဦးတည်း ဖြစ် ကြောင်းကျွန်တော်အထောက်အထား တော့မပြနိုင်ပါ... ။ သတင်းတစ်ဖွဲ့၏ သတင်းပေး မှရရှိသောသတင်းဖြစ်ပါသည်။ အဆိုပါသတင်း ပေးသည် ကျွန်တော်တို့မည်သည့်နေ့ရက်တွင်ပေးခြင်းဖြစ်ကြောင်းကိုင်း၊ ပေး သော သတင်းတွင်ပါရှိသောအကြောင်းအရာများကိုင်း၊ သတင်းပေး၏အမည် ကိုင်း၊ ကျွန်တော်ရုံး တော်ရှေ့တွင်ထွက်ဆိုခွင့်မရှိ၍မပြောနိုင်ပါ။ အဆိုပါ သတင်း ပေး၏အမည်ကိုတော့ကျွန်တော်သိပါသည်။ ယခုအမှုမှာ တွင်တရားလိုပြ သက်သေအဖြစ်ပါဝင်ခြင်း တော့မရှိပါ။ သတင်း ပေး သောသတင်းအချက်အလက် တွင်အဆိုပါဖုံး နံပါတ်ကိုသီဟဇော်သည်သတင်း ပေး၏ရှေ့တွင်သုံးစွဲခဲ့ကြောင်း ဆိုသည့်အချက်ပါမပါကျွန်တော်မသိပါ။

အဆိုပါသတင်း ပေးသည်အဆိုပါဖုံးကိုသူရဇော်ကအသုံးပြုကြောင်း မည်သည့်အချက်အထောက်များအပေါ်မူတည်၍သတင်း ပို့ကြောင်းကိုကျွန်တော်မသိ ဟုဆိုလျှင်-မှန်ပါသည်။ သတင်း ပေး ပေးသည့်သတင်းကိုသတင်းတစ်ဖွဲ့မှ အလွယ်တကူယုံကြည်လက်ခံခြင်း မရှိပါ။ အဆင့်ဆင့်စိစစ်ရပါသည်။

တာဝန်ခံ [illegible]
စစ်ဆေး ပြီး [illegible] ကြောင်း
တာဝန်ယူသည်

အခွင့်ရအာရာရှိ
စာရေးရေး ဝင်ထမ်းအဆင့်-(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒုတိယမှုခင်း မောင်အဆက် ၄

သူရဇော်ကိုင်ဆောင်လာသောဖုန်းဖြစ်ကြောင်း သတင်းပေးထံသတင်းပေးချက်ကိုကျွန်တော်တို့သတင်း ဘဝ်ဖွဲ့ကအာရုံစူးစိုက်မည်မှု ခွဲ၍မည်သည့်အရာရှိက တာဝန်ယူစီစစ်ခဲ့ကြောင်းကိုကျွန်တော်အနေဖြင့် ပြောခွင့်မရှိပါ။

အထက်ပါဖုန်းအမှတ်(၅)ခုနှစ်ထိုင်းနိုင်ငံမှ ယစ်ရဲတပ်ဖွဲ့နှင့် မှုခင်းပေါင်းစီစစ်ခဲ့ကြောင်းထွက်ဆိုထားသော်လည်းမည်သည့်နေ့ရက်က စတင်ပူးပေါင်းကြောင်းကျွန်တော်မသိပါ။ ထိုင်းမှုခင်းယစ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းစီစစ်သည့်ကိစ္စကိုကျွန်တော်ရဲချုပ်ထံမှသိရှိရခြင်းဖြစ်ပါသည်။ ရဲချုပ်သည်မည်သူ့ထံမှသိရှိရကြောင်းကျွန်တော်မပြောတတ်ပါ။ ထိုင်းနိုင်ငံ မှုခင်းယစ်တပ်ဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်သောမြန်မာနိုင်ငံမှရဲတပ်ဖွဲ့ဝင် များသည်မည်သူမည်ဝါဖြစ်ကြောင်းကျွန်တော်ပြောဆိုခွင့်မရှိပါ။ ထိုင်းနိုင်ငံ မှုခင်းယစ်တပ်ဖွဲ့၏တာဝန်ခံကိုလည်းကျွန်တော်မသိပါ။

ကျနော်၏ထွက်ချက်စာမျက်နှာ(၅)ပါဖုန်းနံပါတ်(၅)ခုမှာ (၀၈၂၊ ၀၈၄၊ ၀၈၃၊ ၀၈၇)အမှတ်ကိုသာပါရှိသဖြင့်မည်သည့်နိုင်ငံမှ ဆက်သွယ်သောဖုန်းဖြစ်ကြောင်း ပေTပေါက်မှုမရှိဟုဆိုလျှင်-မမှန်ပါ။ ထိုင်း နိုင်ငံမှဆက်သွယ်သောဖုန်းဖြစ်ကြောင်းအမှန်ဖြစ်ပါသည်။ သို့သော်ကျနော် အနေဖြင့်အထောက်အထားတင်မပြနိုင်ပါ။ သိထားသိနေပါသည်။

ကျနော်၏ထွက်ချက်တွင်တယ်လီဖုန်းတိုင်ဆောင်အသုံးပြုသော သူရဇော်၊ အုန်းကျော်ဌေး၊ ဖြိုးဝေအောင်၊ မျိုးကြီးတို့အကြောင်းများ ကိုကျွန်တော်ထွက်ဆိုထားသည်ဆိုလျှင်-မှန်ပါသည်။ သူရဇော်ဆိုသည်မှာ သူရဇော်(ခ)သီတာဇော်(ခ)+ဇော်ထက်(ခ)သိန်း၊ ထိုက်ဖြစ်ပါသည်။ အုန်းကျော်ဌေးမှာအုန်းကျော်ဌေး(ခ)အောင်ကြီး(ခ)အောင်ပန် ဖြစ်ပြီး၊ မျိုးကြီးမှာမျိုးကြီး(ခ)မျိုးမြင့်အောင်၊ ဖြိုးဝေအောင်မှာ ဖြိုးဝေအောင်(ခ)သက်နိုင်တို့ဖြစ်ကြောင်းသိရှိပါသည်။ သူရဇော်နှင့် ပတ်သက်၍ငင်း၏နိုင်ငံသားမှတ်ပုံတင်မူရင်းကျွန်တော်တို့ထံတွင်ရှိပါသည်။ အဆိုပါမူရင်းမှတ်ပုံတင်သူရဇော်ဆိုသည့်အမည်တစ်ခုတည်းသာပါရှိပါသည်။ သူရဇော်သည်အခြားအမည်များဖြစ်သောသီဟဇော်(ခ)ဇော်ထက်(ခ) သိန်းထိုက်ဆိုသည့်အမည်များရှိကြောင်းကျွန်တော်အထောက်အထားပြနိုင်ပါ သလားဆိုလျှင်-မတတ်ပါ။ ငွေလွှဲထုတ်ယူရာတွင်သူရဇော်သည်သိန်းထိုက်အမည် ပါမှတ်ပုံတင်အတုဖြင့်ငွေလွှဲထုတ်ယူသွားခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။ အဆိုပါသိန်းထိုက်အမည်ဖြင့်ပြုလုပ်ထားသောမှတ်ပုံတင်အတုကိုကျွန်တော်တို့ သိမ်းဆည်းနိုင်ခဲ့ခြင်းတော့မရှိပါ။ ယင်းသို့ငွေလာရောက်ထုတ်ယူကြောင်း ကိုလိုပြသက်သေဦးထွန်းလွင်၏ထွက်ဆိုချက်အရသိရှိရခြင်းဖြစ်ပါသည်။

အာဝင့်ရအရာရှိ
စာရေးရေး ... အဆင့်-(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒုတိယမျိုးဝင်း မေခင်အဆက် ၁

သူရဇော်၏ဓါတ်ပုံကိုယ်ခံအမှုမှမှား မစစ်ဆေးခင်ကတည်းက ကျွန်တော်တို့သတင်းတစ်ဖွဲ့တွင်ရှိပါသည်။

သိန်းထိုက်အမည်ပါသော မှတ်ပုံတင်အတုဖြင့် ငွေထုတ်ယူရာတွင် အဆိုပါမှတ်ပုံတင်အတု၌သိန်းထိုက်အမည်သာပါပြီး၊ အခြားအမည်များ မရှိမျှရှိဟု ဆိုလျှင် – ကျွန်တော်မသိပါ။ အဆိုပါမှတ်ပုံတင်အတု၌သူရဇော်အမည်ပါမပါကျွန်တော်မသိသည့်အတွက် ငွေလာရောက်ထုတ်ယူသောသိန်းထိုက်ဆိုသူသည်သူရဇော်ဖြစ်ကြောင်း ကျွန်တော်အနေဖြင့်စွပ်စွဲခြင်းဖြစ်သည်ဟုဆိုလျှင် – မဟုတ်ပါ။

အုန်းကျော်ဌေး၏နိုင်ငံသားကဒ်မှုရင်း ကျွန်တော်တို့ထံမှာမရှိပါ။ အောင်ပန်အမည်ဖြင့်မှတ်ပုံတင်အတုသာရှိပါသည်။ ထို့ကြောင့်အုန်းကျော်ဌေးနှင့်ပတ်သက်ပြီး အောင်ကြီးဟုခေါ်ကြောင်း၊ အောင်ပန်ဟုခေါ်ကြောင်း ကျနော်အနေဖြင့်ရုံးတော်သို့အထောက်အထားမတင်ပြနိုင်ဆိုလျှင် – မဟုတ်ပါ။ လက်ထပ်စာချုပ်၊ စမ်းချောင်းအိမ်တွင်နေ့စဉ်ရင်းထိုင်ကြားထားသော အထောက်အထားများတင်ပြထားပါသည်။ ကျွန်တော်တို့သိမ်းဆည်းခဲ့သော အောင်ပန်အမည်ဖြင့်နိုင်ငံသားစိစစ်ရေးကဒ်ပြားမှာအတုဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါကဒ်ပေါ်တွင် အောင်ပန်အမည်သာပါရှိပြီး အုန်းကျော်ဌေး အောင်ကြီးဆိုသောအမည်များ မပါရှိဟုဆိုလျှင် – မှန်ပါသည်။ ယင်းသို့အမည်များ မပါရှိသည့်အတွက်အဆိုပါမှတ်ပုံတင်အတုကိုအုန်းကျော်ဌေးကအသုံးပြုကြောင်း ကျွန်တော်အထင်ဖြင့်ပြောခြင်းဖြစ်သည်ဟုဆိုလျှင် – မဟုတ်ပါ။ အုန်းကျော်ဌေး ၏နိုင်ငံသားစိစစ်ရေး ပဒ်မှုရင်း ကျွန်တော်တို့ထံတွင်မရှိပါ။ မြန်မာနိုင်ငံတွင် မွေးခြင်းဟုတ်မဟုတ်ကျွန်တော်မသိပါ။ အုန်းကျော်ဌေးမှာ မြန်မာလူမျိုးဖြစ်ကြောင်း တော့ကျွန်တော်မပြောနိုင်ဟုဆိုလျှင်မဟုတ်ပါ ။ ဗမာလူမျိုးဖြစ်ပါသည်။ ၎င်း၏မိဘများအမည်ကို တွေ့ကြုံနေ်မသိပါ။ အုန်းကျော်ဌေးနှင့်ပတ်သက်၍ကျွန်တော်အထက်ကထွက်ဆိုခဲ့သော အောင်ပန်အမည်ဖြင့်မှတ်ပုံတင်အတုမှလွဲ၍အခြားအထောက်အထားများ ကျွန်တော်တို့ဂုတစ်ဖွဲ့တွင်မရှိဟုဆိုလျှင်ဘာအုန်းကျော်ဌေးသည်ဗမာလူမျိုးဖြစ်ကြောင်း၊ မည်သည့်နေရာတွင်မွေးဖွားကြောင်း၊ မည်သည့်အရပ်တွင်နေထိုင်ခဲ့ကြောင်း၊ အထက်မည်မျှရှိသူဖြစ်ကြောင်း ဆိုသည့်အချက်များ ကျွန်တော်တို့သတင်းတစ်ဖွဲ့တွင် မရှိဟုဆိုလျှင်မှန်ပါသည်။ အုန်းကျော်ဌေးမှာမည်သည့်တိုင်းရင်းသားဖြစ်ကြောင်း သိပါသလားဆိုလျှင်မြန်မာလူမျိုးဖြစ်ကြောင်း တော့သိပါသည်။ အထောက်အထား တော့တင်မပြနိုင်ပါ။

အုန်းကျော်ဌေးဆိုသူအား ကျွန်တော်ကိုယ်တိုင်မြင်ဖူးခြင်း တော့မရှိပါ။

တာဝန်ခံမိတ္တူမှန်
စင်းဆေ ကြ မှုကန်ကြော်ငြာ
တာဝန်ယူသည်။

တာခင့်ရှေ့တရားရှိ
တရားရေး ဝန်ထမ်းအဆင့်-(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒုရဲမှူး ဝင်းမောင်အထက် ၆

မျိုးကြီး (ခ) မျိုးမြင့်အောင်၏နိုင်ငံသားကဒ်မူရင်း ကျွန်တော် တို့ထိထွင်မရှိပါ။

မျိုးအေး (ခ) စိုးမိုး၏မှတ်ပုံတင်မူရင်း ကျွန်တော်တို့ထိထွင်မရှိပါ။ မည်သည့်နေရာတွင်မွေး၍၊ မိဘအမည်များကိုကျွန်တော်မသိပါ ။ ထို့ပါမျိုးအေး (ခ) စိုးမိုးသည်အမှန်တကယ်သက်ရှိထင်ရှားရှိခဲ့ကြောင်း ယနေ့တိုင်း အသက်ထင်ရှားရှိကြောင်းကျွန်တော်မသိဟုဆိုလျှင်–မှန်ပါသည်။ အ[illegible]အထား တော့မပြသနိုင်ခြင်းသာဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် မမြင်ဖူးပါ။ စုံစမ်းဖော်ထုတ်ချက်များအရသိရခြင်းဖြစ်ပါသည်။ တရားခံ မျိုး[illegible] အောင်ထံမှသိရှိရခြင်းဖြစ်ပါသည်။

တွက်ချက်အဆက်စာမျက်နှာ (၁) တွင်သီဟဇော်နှင့်အုန်းကျော်ဌေး တို့သည်ပြည်ပဖုန်းများနှင့်အကြိမ်ကြိမ်မဂ္ဂိုး မဖြောင့်သောသဘောဖြင့် ဆက်သွယ်ခဲ့ကြောင်းတွက်ဆိုထားသည်ဆိုလျှင်မှန်ပါသည်။ ၎င်းတို့၏ဖုန်းဖြင့် ပြောဆိုဆက်သွယ်သောအကြောင်းအရာများကိုကျွန်တော်မသိပါ။ လူမှုရေး စီးပွားရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများ ပြောခြင်းဟုတ်မဟုတ်တော့ ကျွန်တော်မသိပါ။ ကျွန်တော်၏တွက်ချက်၌၎င်းတို့သည်မဂ္ဂိုး မဖြောင့်သောသဘောဖြင့်ဆက်သွယ်ခဲ့သည်ဟုတွက်ဆိုထားသဖြင့်ကျနော်သည်အခြေအမြစ်မရှိဘဲ စွပ်စွဲထားခြင်းသာဖြစ်သည်ဆိုလျှင်–မဟုတ်ပါ။ ကျွန်တော်၏ယူဆချက်အရတွက်ဆိုခြင်းသာဖြစ်ပါသည်။ အခြားစုံစမ်းစစ်ဆေးချက်များအရလည်းဖြစ်ပါသည်။

ဒုတိယအပိုဒ်တွင်အုန်းကျော်ဌေးသည်ပြည်ပသို့၎င်း၊ သီဟဇော်ထံသို့ ၎င်း၊ အကြိမ်ကြိမ်ဖုံးဖြင့်ဆက်သွယ်ကြောင်း၊ မသမာသောဆက်သွယ်မှုဆောင် ရွက်ခဲ့ကြောင်း၊ စီစစ်တွေ့ရှိရသည်ဟုတွက်ဆိုခဲ့သည်ဆိုလျှင်–မှန်ပါသည်။ အထက်ပါ အုန်းကျော်ဌေး၏ဖုံးဖြင့်ပြောကြားချက်များ ပါအကြောင်းအရာများကို မည်သည့်အကြောင်းအရာများဖြစ်ကြောင်းကျွန်တော်မသိပါ။ ထို့ကြောင့် အုန်းကျော်ဌေးသည်ဖုံးဖြင့်မသမာသောဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း ကျွန်တော်၏တွက်ချက်သည်အ[illegible] ခြေအမြစ်မရှိဘဲမမှန်မကန်တွက်ဆိုခဲ့သည်ဆိုလျှင် မဟုတ်ပါ။ ကျွန်တော်အခြားသောစုံစမ်းစစ်ဆေးတွေ့ရှိချက်များအရသာ တွက်ဆိုခြင်းဖြစ်ပါသည်။

ကျနော်၏တွက်နှုတ်ပါမည်သည့်ဖုန်းမှမည်သည့်ဖုန်းသို့မည်သည့်နေ့ရက်က အချိန်မည်မျှဆက်သွယ်ပြောကြားခဲ့ကြောင်းတွက်ဆိုချက်များသည်ကျနော်ကိုယ်တိုင် တွေ့မြင်ခြင်းမဟုတ်ဘဲဆက်သွယ်ရေးဌာနမှပေးပို့သောစာရွက်စာတမ်းများ အရသိရှိရခြင်းဖြစ်ပါသည်။ စုံစမ်းဖော်ထုတ်ချက်များနှင့်ဆက်သွယ်ရေးဌာန မှပြန်ကြားချက်များအရသိရှိရခြင်းဖြစ်ပါသည်။ အခြားစုံစမ်းဖော်ထုတ် ချက်များအရသိရှိရသည်ဆိုခြင်းနှင့်ပတ်သက်၍ပြီး ပေ ဆောင်၊ ဒေါ်ခင်ကြည်စု

စစ်ဆေးပြီး[illegible]မှန်ကြောင်း
အောင်နိုင်ယှဉ်သည်

အခင့်ရအာရာမ္ဘီ
စာရေးရေး ဝန်ထမ်းအဆင့်-(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒုရဲမှူး ဝင်းမောင်အဆက် ၇

ဖြိုး မြင့်မြတ်တို့၏ ပြောကြားချက်များ အရသိရှိရခြင်း ဖြစ်ပါသည် ။

အုန်း ကျော်ဌေး နှင့်ပတ်သက်၍ကျနော်၏ထွက်ချက်အရဆိုလျှင် အုန်း ကျော်ဌေး နှင့်ပတ်သက် သောအကြောင်း အရာများ ကိုကိုယ်တိုင်သိရှိရ ခြင်း မဟုတ်ဘဲသက်သေမရီရီမြင့်တို့ ပြောကြား ချက်အရသိရှိရခြင်း ဖြစ်ပါသည်။ အခြား စုံစမ်း ဖော်ထုတ်ချက်များ အရလည်း သိရှိရခြင်း ဖြစ်ပါသည်။ အခြား ဖော်ထုတ်ချက်ဆိုသည်မှာ ဒေါ်ညိုညိုစိန်၊ ဦးမြ သောင်း၊ ရီရီမြင့် ဒေါ်ခင်ကြည်စုတို့ထံမှ မေးမြန်း၍သိရှိရခြင်း လည်း ဖြစ်ပါသည်။

ကျနော်၏ထွက်ချက်အဆက်စာမျက်နှာ( ၄ )တွင်အုန်း ကျော်ဌေးကိုင် သော်ဖုန်း ၊ သူရဇော်ကိုင် သောဖုန်း ၊ ဖြိုး အားတို့ကိုင် ဆောင်ခဲ့သောဖုန်း ဖြစ်ကြောင်း ထွက်ဆိုထား ရာ၄င်း တို့အဆိုပါဖုန်း ( ၃ ) လုံး ကိုအမှန်တကိုင် ဆောင် ကြောင်း မျက်မြင် တွေ့မဟုတ်ပါ။ အုန်း ကျော်ဌေး ကိုင် သောဖုန်း နှင့်ပတ်သက် ၍ဖုန်း ကဒ် ထည့် သောအခွံကို တွေ့ရှိရခြင်း ၊ ဒေါ်ခင်ကြည်စု၏ထွက်ဆိုချက်တွင် ၄င်း အုန်း ကျော်ဌေး ၏ဖုန်း နှင့်ပတ်သက်၍ ဒေါ်ရီရီမြင့်တို့၏ဆက်သွယ်မှု များ အရသိရှိရခြင်း ဖြစ်ပါသည်။

ကျနော်တို့သိမ်းဆည်း ခဲ့သော မောင် အောင်ပန်၏ နိုင်ငံသား စိစစ်ရေး ကဒ်အမှတ်- ၅/ မရန( နိုင် ) ၀၃၈၇၂၉ ဖြစ်ပါသည်။ အဆိုပါ မှတ်ပုံတင်ကဒ်ပြား ပါအချက်များ သည်အစစ်အမှန်မဟုတ်ပါ။ ဓာတ်ပုံမှာလည်း အုန်း ကျော်ဌေး ဟုတ်မဟုတ်ကျနော်မသိပါ။ အဆိုပါဓာတ်ပုံသည်အုန်း ကျော်ဌေး ပုံဟုတ်မဟုတ်စိစစ်ခဲ့ သော်လည်း ဟုတ်မဟုတ် တွေ့ရှိ တော့မသိပါ။ ကျနော်၏ ထွက်ချက် ပါအဆိုပါဓာတ်ပုံသည်အုန်း ကျော်ဌေး ငယ်စဉ်ကပုံဖြစ် ကြောင်း ထွက်ဆို ခြင်း သည်အတင်ဖြင့်ထွက်ဆိုခြင်း ဖြစ်ပါသည်။

မရီရီမြင့်အိမ်တွင်သိမ်း ဆည်း ခဲ့သောဂျီအက်စ်အမ်စင်ကဒ် ပေါ်တွင် သိတ်တမ်း ကုန်ဆုံး ရက်မှာ မေလ၊ ၂၀၁၀ရက် နေ့ဟု ရေး သား ထား ပါသည်။ အဆိုပါဖုန်း ကဒ်ကိုမည်သည့်နေ့ရက်တဝယ်ယူအသုံး ပြုကြောင်း ကျနော်မသိပါ ။ ဝယ်ယူ သောလဝိုင်း ကိုလည်း ကျနော်မသိပါ။ အဆိုပါဖုန်း ကဒ်သည်။ တစ်လသုံး အတွက်လား ၊ ၂လသုံး အတွက်လား တွေ့မသိပါ။ ၎င်း အချက်ကိုစိစစ်ခဲ့ခြင်း တွေ့မရှိပါ။

ကျနော်၏ထွက်ချက်စာမျက်နှာ( ၅ ) ပါဖုန်း အမှတ်( ၅ ) ခုတွင် ဖော်ပြထား သော( ၀၈၂ )ထိပ်စီး အမှတ်နှင့်ပတ်သက်၍လက်ရှိ တောင်ကြီး မြို့တွင်သုံး သောဖုန်း နံပါတ်ဖြစ်သည်ဆိုလျှင်မှန်ပါသည်။ နိုင်ငံခြား ဖုန်း အမှတ် ကုဒ်နှင့်တွေ့မထူပါ။ ထိုင်း နိုင်ငံတွင်သုံး စွဲသောတယ်လီဖုန်း ကုဒ်နံပါတ်ကို တွေ့ကျနော်အတိအကျမသိပါ။

ဒု၃မှူး ဝင်း မောင်အဆက် ၈

အဆိုပါဖုန်း နံပါတ်ကုဒ်(၅)ခုသည်ထိုင်း နိုင်ငံတွင်အသုံး ပြုသော ဖုန်းကုဒ်များ ဖြစ်ကြောင်းအထောက်အထား မတင်ပြနိုင်ဟုဆိုလျှောက်လဲမှန် ပါသည်။

ထွက်ချက်အဆက်စာမျက်နှာ(၇)တွင် ဒေါ်မူမူသန်း၏ဖော်ထုတ်ချက် အရ ငြိမ်း ဝေ အောင်အား ဒေါ်ယူစစ်ဆေး ခဲ့ရာတွင် ဒေါ်မူမူသန်း၏ ၁၃-၄-၁၀ ရက်နေ့တွင် ဖော်ထုတ်ချက်အရဖြစ်ပါသည်။ ထို့ကြောင့်တွန်တော်တို့ အမှော်ပြည့်အချင်းဖြစ်အမှုများတွင် ဒေါ်မူမူသန်း၏ ၂၂-၄-၁၀ ရက်နေ့ ဖော်ထုတ်ချက်မတိုင်မီငြိမ်း ဝေအောင်သည်ယခုအမှုများနှင့်ပတ်သက်စပ်ဆက် ကြောင်းကိုနေဝင်း သိရှိဟုဆိုလျှောက်မှန်ပါသည်။ ဆက်လက်ထွက်ဆိုသောငြိမ်း ဝေအောင် တို့လူစုနှင့် သောလုပ်ငန်းများ သူရဇော်နှင့်ဆက်သွယ်သည့် အောင်ရှက်ဆောက်စု များအနှံ့တိုင်း ပေါ်တွင်ဆက်သွယ်သည့်အကြောင်းများပြည့် ပသွားခဲ့သည့် အကြောင်းများငြိမ်း ဝေအောင်ပြည့်ပတွင်ရှိနေစဉ် ပြောဆိုခဲ့သည်ဆိုသော ကိစ္စများကိုထွက်ချက်အဆက်စာမျက်နှာ(၇)မှ(၁၂)အထိပါရှိသောတွန်တော်၏ ထွက်ချက်များသည်တွန်တော်ကိုယ်တိုင်မြင်တွေ့သိရှိခြင်း မဟုတ်ဟုဆိုလျှောက်မှန်ပါသည်။ စိုးစမိုး ဖော်ထုတ်ချက်များအရသိရှိရခြင်းဖြစ်ပါသည်။ ငြိမ်း ဝေအောင်၊ ဦးငွေးအောင်၊ အောင်ကျော်စွာ၊ မျိုးမြင့်အောင်(ခ)မျိုးကြီး တို့၏ စိုးစမိုး မေးမြန်းချက်များအရသိရှိရခြင်းဖြစ်ပါသည်။ သို့သော်အဆိုပါသက်သေ များသည်ငြိမ်း ဝေအောင်ပြည့်ပသို့ထွက်ခွာသည့်ကိစ္စ၊ ပြည့်ပတွင်နေထိုင်လုပ် ဆောင်သောကိစ္စများကိုသိရှိသူများ မပါဟုဆိုလျှောက်မှန်ပါသည်။

ထွက်ချက်စာမျက်နှာ(၁၂)မှ(၁၄)အထိဖော်ပြခဲ့ပစ္စည်းများကို သယ်ယူလာ=ဘေး= ပုံပြင်ဆင်ပုံများနှင့်ပတ်သက်၍ကျနေဝင်းကိုယ်တိုင်မှတ်မြင် သိရှိခြင်းမဟုတ်ပါ။ ငြိမ်း ဝေအောင်၏ထွက်ဆိုချက်အရသိရှိရခြင်းဖြစ်ပါသည်။ ငင်းအပြင်တယ်လီဖုန်းအပြန်အလှန်ဆက်သွယ်သောအချက်များအရသိရှိရခြင်း ဖြစ်ပါသည်။

ကျနေဝင်း၏ထွက်ချက်ပါအချင်းဖြစ်စဉ်ကာလက်ပစ်ဗုံး(၃)လုံး ပေါက်ကွဲ ကြောင်း လက်ပစ်ဗုံး ပစ်သူသည်ခန့်မှန်း ခြေ အကွာအဝေးမှပစ်ခြင်းဖြစ် ကြောင်းထွက်ဆိုထား သော်လည်း လက်ပစ်ဗုံးကိုလက်ဖြင့်ပစ်သလား၊ လက်လွှဲမြှ ပစ်သလားဆိုခြင်းကိုကျနေဝင်းထွက်ဆိုခဲ့ခြင်း မရှိဟုဆိုလျှောက်မှန်ပါသည်။ လက်လွှဲ၍ ပစ်ပါက ပစ်သူနှင့်ပေါက်ကွဲသောနေရာနှစ်ခုအကွာအဝေးမှာ လေး ငါး ဆခန့် ကွာဝေးနိုင်ကြောင်းဆိုလျှောက်မှန်ပါသည်။ မည်သို့မည်ပုံစစ်ခြင်းဖြစ်ကြောင်းကျနေဝင်း တို့စိစစ်ဖော်ထုတ်နိုင်ခြင်း မရှိပါ။

တရားလိုပြသက်သေ
စစ်ဆေးပြီး ပြန်ကြားကြောင်း
တာဝန်ခံယူသည်။

တရားခွင်ရုံးတရားသူကြီး
တရားသူကြီး(၄)
ရန်ကုန်မြို့တောင်ပိုင်းခရိုင်တရားရုံး

<u>ဒုရဲမှူး ဝင်း မောင်အဆက်၉</u>

လက်ပစ်ဗုံး (၃) လုံး ကိုမည်သူမည်ဝါပစ်ခတ်ကြောင်း ကျနော် ထွက်ဆိုထားသော်လည်း ကျနော်ကိုယ်တိုင်မြင်တွေ့သိရှိခြင်း မရှိဟုဆိုလျှင် မှန်ပါသည်။ ဗြိုလ်ဝေအောင်၏ ပြောဆိုချက်နှင့်ကွမ်းကျင်သူများ၏ လေ့လာသုံးသပ်ချက်များ အရသိရှိရခြင်း ဖြစ်ပါသည်။ အဆိုပါကွမ်းကျင်သူများ၏ အမည်ကိုကျွန်တော်မသိပါ။

ကျနော်၏ထွက်ချက်တွင် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဗိုလ်ချုပ်ဝေလွင်အိမ်တွင် တွေ့ရှိသောမပေါက်ကွဲသေးသောဗုံး၊ ဝဲခူးမြို့၊ ဥဿာမြို့သစ်တွင် ၂၀၁၀ ခုနှစ်၊ ဧပြီလက တွေ့ရှိသောမပေါက်ကွဲသေးသောဗုံးနှင့်ယခုအမှုမှ တွေ့ရှိသောမပေါက်ကွဲသေးသောဗုံး တို့သည်တစ်ဖွဲ့တည်းက တတ်ဆင်ပြုလုပ်ထားသော ဗုံးများ ဖြစ်သည်ဟုထွက်ဆိုထားသည်ဆိုလျှင်မှန်ပါသည်။ အဆိုပါဗုံး (၃) လုံး သည် မည်သည့်အစိတ်အပိုင်းများ၊ မည်သည့်ပစ္စည်းများ သုံး၍ တစ်ဖွဲ့တည်းက ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ကိုသည့်အချက်အလက်များ ကိုကျွန်တော်အနေဖြင့် တော့မသိရှိပါ။ ရရှိသောကွမ်းကျင်သူများ၏သုံးသပ်ချက်များ အရထွက်ဆို တင်ပြခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်ဝေလွင်အိမ်တွင် တွေ့ရှိရသောမပေါက်ကွဲသေးသောဗုံး နှင့်ပတ်သက်၍သူရဇော်ကို ခေါ်ယူစစ်ဆေးရန်ဖြစ်သော်လည်း ၄င်းမှာထွက်ပြေးတိမ်းရှောင်သွားသဖြင့်ဗြိုလ်ဝေအောင်အား ခေါ်ယူမေးမြန်းခဲ့ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍တရားခံကို ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိပါ။ တရားစွဲဆိုခဲ့ခြင်းလည်းမရှိပါ။

ဝဲခူးမြို့၊ ဥဿာမြို့သစ်၌ တွေ့ရှိရသောမပေါက်ကွဲသေးသောဗုံးနှင့် ပတ်သက်၍လည်း ယနေ့ထက်ထိလည်း တရားခံဖော်ထုတ်နိုင်ခြင်းမရှိသေးပါ။

အထက်ပါမပေါက်ကွဲသေးသောဗုံးနှင့်ပတ်သက်၍ တစ်ဖွဲ့တည်းက စီမံပြုလုပ်ခြင်းဖြစ်ကြောင်း ကျွန်တော်၏ထွက်ချက်သည်အခြေအမြစ်မရှိဘဲ ထွက်ဆိုခြင်းဖြစ်သည်ဆိုလျှင်မဟုတ်ပါ။ ကွမ်းကျင်သူများ၏တင်ပြချက်အရထွက်ဆိုရခြင်းဖြစ်ပါသည်။

ကျနော်၏ထွက်ချက်တွင်ဗြိုလ်ဝေအောင်၏ဖုန်းဆက်သွယ်မှုနှင့်ပတ်သက်၍ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆက်သွယ်ခဲ့သောဖုန်းအမှတ်များကို သာထွက်ဆိုထားပြီး၊ ဇန်နဝါရီလနောက်ပိုင်းတွင်ဗြိုလ်ဝေအောင်၏ဖုန်း ဆက်သွယ်မှုများကိုကျနော်ထွက်ဆိုတင်ပြထားခြင်းမရှိဟုဆိုလျှင်-မှန်ပါသည်။

ထို့ကြောင့် ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်းမှစ၍ အချင်းဖြစ်ချိန်အထိဗြိုလ်ဝေအောင်သည်တရားခံပြေးများဖြစ်ကြသော-

စစ်ဆေးပြီး ... ကြောင်း
တာဝန်ယူသည်။

အောင်ခိုင်ရအာရာမီ

ဒုရဲမှူး ဝင်း မောင်အဆက် ၁၀

သူရ ဇော်၊ မျိုး အေး ၊ အောင်ကြီး ၊ ရဲသိဟတို့နှင့်တစ်စုံတစ်ရာဖုန်း ဆက်သွယ်မှုရှိကြောင်း ကွန်ပျူတာ ဖော်ထုတ်နိုင်ခြင်း မရှိပါ။

(တရား ခံ၏အမျိုး ဆောင်မှုသက် သေအား ပြန်လှန်စစ် မေး ချက်များ အရ၄င်း ၊ ရုံး ရှေ့တွက်ဆိုတင်ပြချက်များ သည်ရဲချုပ်၏ ပြောကြား ချက်များ လိုက်မှတ် ပါရ၄မျှား ၏ထင်မြင်ချက်များ ၊ တရား လိုပြသက် သေများ ၏စစ် မေး ထွက်ချည်ချက်များ ၊ တရား ခံ၏စစ် မေး ထွက်ဆိုချက်များ အရသိရှိရ သော အကြောင်းအချက်များ ဖြစ် ကြောင်း ဝန်ခံထွက်ဆိုထား သဖြင့်၄င်း ၊ ဝန်ခံ ထွက်ဆိုထား သော ထွက်ချက်များ သည်တစ်ဆင့်ကြား နှင့်ရဲ ရှေ့အစစ်ခံ ချက်များ ဖြစ် သော ကြောင့်ပြစ်မှုကြောင့်ထုံး ပုဒ်မ – ၁၆၂အရရဲအရာရှိတစ်ဦး အ နေဖြင့် ရုံး ရှေ့တွက်ဆိုခွင့်မရှိ သော ကြောင့်အဆိုပါထွက် ချက်များ ကိုအမှုတွဲမှ ဖယ်ထုတ် ပေး ရန်ရုံး တော်သို့တင်ပြ ပါသည်။ )

(အမှုဆိုင်ဥပဒေအရာရှိမှရုံး ရှေ့သက် သေသည်အဆိုပါအမှုအား စစ် ကြောသူအဖြစ်၄င်း ၊ စုံစမ်း ဖော်ထုတ်သူအဖြစ်၄င်း ၊ ရုံး ရှေ့လာရောက် ထွက်ဆိုခြင်း ဖြစ်သဖြင့်၄င်း ၄၏စစ် ကြောချက်နှင့်စုံစမ်း ဖော်ထုတ်ချက်များ မှာ သက် သေခံအက်ဥပဒေ ပုဒ်မ – ၅အရယခုအမှုနှင့်ဆက် စပ် သောထွက်ဆိုချက်များ ဖြစ်သဖြင့်၄င်း ၏ထွက်ဆိုချက်များ ကိုရုံး တော်မှလက် ခံသင့် ကြောင်း တင်ပြ လျှောက်ထား ပါသည်။

(ယခုအမှုတွင်လိုပြသက် သေဒုရဲမှူး ဝင်း မောင်သည်၄င်း ကိုယ်တိုင် အမှုအား စုံစမ်း ဖော်ထုတ်သူအဖြစ်တင်ပြထွက်ဆိုထား ကြောင်း တွေ့ရှိရပြီး ယခုထွက်ချက်များ တွင်၄င်း ထံအစစ် ဆေး ခံချက်အချို့သာမကဘဲ၄င်း ကိုယ်တိုင် သက်ဆိုင်ရာများ ၊ မှမှတ်တမ်း မှတ်ရာများ နှင့်တိုက်ဆိုင်စစ် ဆေး စုံစမ်း ဖော် ထုတ်ချက်များ ပါဝင် နေသဖြင့်ရဲထွက်ထွက် ချက်သက်သက် တစ်ခုမဟုတ်ဘဲအမှုနှင့်စပ်ဆက် သောအကြောင်း ချင်း ရာများ ၄င်း ။ စုံစမ်း စစ် ဆေး ဖော်ထုတ်ချက်များ ပါထွက်ဆိုထား ကြောင်း တွေ့ရှိရသဖြင့်တရား ခံအကျိုး ဆောင်၏ လျှောက်ထား ချက် ကို ပယ်သည်။ )

ယခုအမှုနှင့်ပတ်သက်၍ပြီး ၁၀ အောင်နှင့်တရား လိုပြသက် သေများ ကို ကျနော်စစ် ကြော မေး မြန်း ခဲ့ပါသည်။ ထိုသို့ရာ၌ မေး ရာတွင် ကျနော်အပြင် ရဲအုပ် ကျော်စိန်ဝင်း ၊ ရဲအုပ်ခင်မောင်ရီ၊ ရဲအုပ် ဆွေလင်း ၊ ဒုရဲအုပ် အေး မြင့် နိုင်၊ ဒုရဲအုပ် အေး ကျော်၊ ဒုရဲအုပ်ဘိုဘို၊ ဒုရဲအုပ်စည်သူတို့လည်း ပါဝင်သည်ဆိုလျှင် မှန် ပါသည်။ စစ် ကြော မေး မြန်း ရာတွင်အဓိကတာဝန်ရှိသူမှာဒုရဲမှူး တင်ထွန်း ဖြစ် ပါသည်။

(၌ နေရာတွင်ပြန်လှန်စစ် မေး ရန်ဖြစ် သော်လည်း အခြား ရုံး ကိစ္စရပ်များ လုပ် ဆောင်ရန်ရှိ၍ ရွှေ့ဆိုင်း သည်။ )

(ဖတ်ပြမှန်ကန်ဝန်ခံ)

(ကိုကိုဦး)
စ ရိုင် တ ရား သူ ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

စစ်ဆေးပြီး မှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
စာရေး၊ ဝန်ထမ်းအဆင့်-(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒုရဲမှူး ဝင်းမောင်အောက် ဖြ

တရားခွင်သို့ ပြောင်းပေး ရခြင်း မရှိသေးပါ။

၁၈-၅-၁၀ ရက်နေ့ နောက်ပိုင်း တစ်ပတ်ခန့်အကြာတွင်အမှုကို ကျွန်တော်တို့က တရားခွဲအဖွဲ့သို့ တရားဝင်လွှဲပြောင်းပေးခြင်း ဖြစ်ပါသည်။

လိုပြ(၁) ရဲအုပ်သောင်း ငွေ၏ထွက်ချက်အရ ယခုအမှုကို ၁-၅-၁၀ ~~ရက်နေ့ပြင်သာတင်း တစ်ဖွဲ့တရား ခွဲ ဒွာနမှ ရဲအုပ်ထွန်း စိုးသိန်း ထံသို့~~ အမှုတွဲနှင့်တကွသက်ဆိုင်ရာစာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ခဲ့သည်ဟု ထွက်ဆိုသည့်ကိစ္စကိုကျွန်တော်မသိပါ။

ပြစ်မှုကျူးလွန်သည့်အကြောင်း ဖော်ထုတ်ထွက်ဆိုသူတစ်ဦး ကိုကျွန်တော်ကိုမှ (၂) ရက်ခန့်စစ်ကြောမေးမြန်း လျှင်လိုလောက်သည်ဟု ဆိုလျှင်- မဟုတ်ပါ။ မေးမြန်းရုံနှင့်မလုံလောက်ပါ။ ၎င်း၏ထွက်ဆိုချက်များ ကိုသက်ဆိုင်ရာ အသီးသီးသို့စိစစ်ခြင်း၊ အတည်ပြုခြင်း များပြုလုပ်ရ၍ထိုထက်မကကြာမြင့် နိုင်ပါသည်။ ဖြိုး ဝေ အောင်ထံမှအဖြစ်မှန်များ သိရှိအောင် ~~နည်း အမျိုးမျိုး~~ အချက်အလက် ဖြင့်ထောက်ရှုမေးနိုင်မှ ရရှိခြင်း ဖြစ်ပါသည်။

ဖြိုး ဝေ အောင်အား နည်းမျိုးစုံဖြင့်ညှင်းပန်းနှိပ်စက်ပြီး ဖြောင့်ချက်ယူခဲ့သော ကျွန်တော်ကိုရဲအရာရှိများအားအရေးယူပေးရန် ၃-ကြိမ်တိုင်တိုင်တိုင်ကြားထား သည်ကိုကျွန်တော် မသိပါ။ ညှင်းပန်းနှိပ်စက်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းများ လည်း မရှိပါ။ ထိုသို့ နည်းလမ်းများဖြင့် ဖြောင့်ချက်ယူခဲ့ခြင်း လည်း မရှိပါ။ ၎င်း၏ဆန္ဒ အရ ဖြောင့်ချက်ပေးခဲ့ခြင်းသာဖြစ်ပါသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်၊

အချင်းဖြစ် ~~ဝဉ~~ ရေကစားမဏ္ဍပ်သည်မည်သည့် ရုံးကစည်ပင်ထွင်ဖွင့်ပုံ တင်ပြီး မည်သူမှ ဖွင့်လဲဆိုလျှင်- မသိပါ။ ဖိုး လပြည့်နှင့်ပတ်သက်သည်ဟု ကြားပါသည်။ ယင်းသို့ကြား ရသော်လည်း ပေါက်ကွဲမှုဖြစ်ပြီး နောက်ပိုင်းမှကြားရခြင်း ဖြစ်ပါသည်။ ဖိုးလပြည့်မှာ မည်သူလဲဟု မေးလျှင် (ရုံးတော်မှအမှုနှင့်သက်ဆိုင်ခြင်း မရှိ၍ ၎င်း မေးခွန်းအား မှတ်တမ်းတင်ခွင့်မပြုကြောင်း အမိန့်ချမှတ်သည်)

၁၈-၅-၁၀ ရက်နေ့ကအကျဉ်းထောင်တွင်ဖြိုး ဝေ အောင်အား ထပ်မံစစ်ကြောမေးမြန်းခြင်းသည် ရဲချုပ်က နေပြည်တော်တွင်ယခုမှုံး

အခွင့်ရအရာရှိ
စာရေး ဝန်ထမ်းအဆင့်-(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး